၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com

# ပို့ဆောင်ဆက်သွယ်
TRANSCOM NEWS JOURNAL
သတင်းဂျာနယ်

အတွဲ (၉)၊ အမှတ် (၁)
၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ ၂၀၁၉ ခုနှစ်၊ နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကား



၂၀၁၉ ခုနှစ်၊ နှစ်သစ်ကူးအချိန်အခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ကြီးဌာနမှ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားရေးဘဝ မြှင့်တင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ရထား၊ ရေကြောင်း၊ လေကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေး အခြေခံအဆောက်အဦများ ကောင်းမွန်တိုးတက်လာစေရေး၊ ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ ညီညီညွတ်ညွတ် လက်တွဲတည်ဆောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကောင်းကျိုးမင်္ဂလာအဖြာဖြာပြည့်ဝကြပါစေ။

ဦးသန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

### ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် မြစ်ကြီးနား–မန္တလေးရထားလမ်းပိုင်းရှိ ရထားလမ်းများ၊ ဘူတာများ၊ တံတားများကြည့်ရှုစစ်ဆေး၊ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံ

စာ-၁၈ »

### ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ လေဆိပ်များ၊ ဘူတာရုံများကြည့်ရှု ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ

စာ-၁၈ »

### Workshop on Cyber Security in Myanmar တွင် ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်အမှာစကားပြောကြား

စာ-၁၄ »

### MNA မှ ရန်ကုန်–ချန်ဒူး တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင်သုံးကြိမ်ပျံသန်းပြေးဆွဲ

စာ-၁၅ »

### မော်လိုက်ဆိပ်ကမ်းသို့ရေယာဉ်များ အဝင်အထွက် ကောင်းမွန်စေရေးအတွက် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်

စာ-၄ »

### ဆိုင်ကယ်နံပါတ်ပြားများ မော်တော်ယာဉ်နံပါတ်ပြားများအတိုင်း အင်္ဂလိပ်အက္ခရာ ဂဏန်းပြောင်းမည်

စာ-၁၁ »

